10 ပတ်တာ · Project-based လက်တွေ့သင်ရိုး

Modern Software Engineer

လေ့လာရေးလမ်းညွှန် 2026

စက်တင်ဘာ 4၊ 2026 တွင် နောက်ဆုံးပြင်ဆင်ထားသည် · စစ်ဆေးပြီး လင့်ခ် 197 ခု

https://modern-swe.burmese.dev/my

Coding agents တွေကိုသုံးပြီး Software တည်ဆောက်နည်းကို project-based လက်တွေ့လေ့လာနိုင်မယ့် 10 ပတ်တာ လမ်းညွှန်ဖြစ်ပါတယ် - agents တွေရဲ့ အလုပ်လုပ်ပုံ၊ context engineering နဲ့ MCP၊ reusable skills၊ repository readiness၊ AI code review၊ security၊ background agents၊ Team တစ်ခုအတွင်းမှာ အသုံးပြုပုံ (team adoption) နဲ့ software factory အထိ ပါဝင်ပါတယ်။ တစ်ပတ်စီတိုင်းမှာ 4 နာရီဝန်းကျင် အချိန်ပေးရမယ့် အဓိက လေ့လာစရာများ (Core)၊ ကိုယ်တိုင် လက်တွေ့ တည်ဆောက်ရန် (Build)နဲ့ အမှန်တကယ် ပြီးစီးမှု ရှိမရှိ စစ်ဆေးနိုင်တဲ့ “ပြီးစီးကြောင်း စစ်ဆေးရန် (Done When)” စာရင်းတို့ တွဲဖက်ပါဝင်တာကြောင့် စာဖတ်မှတ်တမ်းတစ်ခု သက်သက်အစား အလုပ်လုပ်တဲ့ System တစ်ခုကို ကိုယ်တိုင် တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။

Credit. 10 ပတ်တာ ဖွဲ့စည်းပုံနဲ့ အပတ်စဉ် ခေါင်းစဉ်တွေကို Stanford ရဲ့ CS146S: *The Modern Software Developer* (themodernsoftware.dev) Fall 2026 သင်ရိုးညွှန်းတမ်းအတိုင်း ယူထားပါတယ်။ ဒီလမ်းညွှန်ဟာ အဆိုပါသင်တန်းနဲ့ တိုက်ရိုက် မသက်ဆိုင်ပါဘူး။ ဖတ်စရာ Article များ၊ YouTube Video များ၊ လက်တွေ့ build တွေနဲ့ လေ့လာမှုကို စစ်ဆေးရန်စာရင်း တစ်ခုချင်းစီကို ကိုယ်ပိုင် ရွေးချယ်စုစည်းထားတာ ဖြစ်ပါတယ်။ Link အားလုံးကို September 5, 2026 မှာ စစ်ဆေးထားပြီးဖြစ်ပါတယ်။

10 ပတ်တာ သင်ရိုး အကျဉ်း

1 **The Internals of Coding Agents**
Tools 4 ခုနဲ့ logging အပြည့်အစုံပါတဲ့ lines 300–500 ရှိ terminal agent တစ်ခု တည်ဆောက်ရပါမယ်။

2 **Advanced Context Engineering**
1 မျက်နှာပါ spec တစ်ခု ရေးဆွဲခြင်း၊ RePPIT သုံးပြီး feature တစ်ခု အောင်မြင်စွာ ထုတ်လုပ်ခြင်းနဲ့ tools 2 ခု မှ 4 ခုပါ MCP server တစ်ခု တည်ဆောက်ခြင်း။

3 **Agent Skills and CLI**

Helper script ပါဝင်တဲ့ packaged skill တစ်ခုနဲ့ browser automation သုံးထားတဲ့ web skill တစ်ခု တည်ဆောက်ရပါမယ်။

4 **Customizing Your Agent and Repository**

Repo instructions ဖိုင်တစ်ခု၊ hooks 2 ခုနဲ့ planner / implementer / reviewer ခွဲထုတ်တာဝန်ပေးတဲ့ System တစ်ခု တည်ဆောက်ရပါမယ်။

5 **Agent-Ready Codebases**

Score သတ်မှတ်ထားတဲ့ readiness audit ပြုလုပ်ခြင်းနဲ့ agent အသစ်တစ်ခု ချက်ချင်းအလုပ်ဖြစ်စေမယ့် ပြုပြင်မှုများ ပြုလုပ်ခြင်း။

6 **Agentic Code Review**

Pull requests တွေနဲ့ ချိတ်ဆက်ထားပြီး PR 5 ခုပေါ်မှာ တိုင်းတာစမ်းသပ်ထားတဲ့ severity အလိုက် review စံသတ်မှတ်ချက် (rubric) တစ်ခု တည်ဆောက်ရပါမယ်။

7 **Security**

Threat model တစ်ခု၊ CI အတွင်း SAST / SCA / secret scans များ ထည့်သွင်းခြင်းနဲ့ prompt-injection စမ်းသပ်မှုတစ်ခု ပြုလုပ်ရပါမယ်။

8 **Background Agents**

Isolation၊ budgets၊ checkpoints တွေနဲ့ retries တွေ ပါဝင်တဲ့ issue-to-PR automated workflow တစ်ခု တည်ဆောက်ရပါမယ်။

9 **Building an AI-Native Team**

Model gateway တစ်ခု၊ MCP portal တစ်ခုနဲ့ စာမျက်နှာ 1 မျက်နှာပါ adoption policy တစ်ခု ရေးဆွဲရပါမယ်။

10 **The Software Factory + The Future**

Eval suite တစ်ခုနဲ့ စနစ်တကျ ထိန်းချုပ်ထားတဲ့ improvement loop ပါဝင်တဲ့ traced end-to-end factory System တစ်ခု တည်ဆောက်ရပါမယ်။

ဒီလမ်းညွှန်ကို ဘယ်လို လေ့လာမလဲ

တစ်ပတ်ကို 10–12 နာရီ အချိန်ပေးဖို့ လိုအပ်ပါတယ်။

3–4 နာရီ. သက်ဆိုင်ရာ Week တိုင်းအတွက် **အဓိက လေ့လာစရာများ (Core)** ကို ဖတ်ပါ။ (Core စာရင်းကို အများဆုံး 4 နာရီဝန်းကျင်ပဲ ကုန်အောင် ကန့်သတ်ထားပြီး ကြာချိန်တွေကိုလည်း ဘေးမှာ ရေးပေးထားပါတယ်)။

5–6 နာရီ. အပတ်စဉ် **လက်တွေ့တည်ဆောက်ရန် (Build)** ကို ကိုယ်တိုင် လုပ်ပါ။

1–2 နာရီ. ရလဒ်တွေ၊ မအောင်မြင်ခဲ့တာတွေ၊ ကုန်ကျစရိတ်နဲ့ ရခဲ့တဲ့ သင်ခန်းစာတွေကို မှတ်တမ်းတင်ပြီး **"ပြီးစီးကြောင်း စစ်ဆေးရန် (Done When)"** စာရင်းအတိုင်း စစ်ဆေးပါ။

ပိုလေ့လာချင်သူများအတွက် (Deeper material)၊ အပိုဆောင်း Video များ နဲ့ **Tools and references** တွေအောက်က အရာအားလုံးဟာ optional ဖြစ်ပါတယ်။ ကိုယ်စိတ်ဝင်စားတာကိုပဲ ရွေးဖတ်ပါ၊ အကုန်လုံးပြီးဖို့ မလိုပါ။

ဆယ်ပတ်လုံးလုံးမှာ **repository တစ်ခုတည်းကိုပဲ စွဲသုံးပါ**။ UI၊ tests နဲ့ CI အပြည့်ပါတဲ့ SaaS app အသေးစား၊ developer tool ဒါမှမဟုတ် API project တစ်ခုဟာ ဟိုစပ်စပ်ဒီစပ်စပ် ကစားစရာ project 10 ခုထက် အများကြီး ပိုထိရောက်ပါတယ်။ Week တိုင်းမှာ အဲဒီ project တစ်ခုတည်းကိုပဲ ပိုကောင်းအောင် ဆက်တိုက် လုပ်သွားရပါမယ်။

အကောင်းဆုံး အခမဲ့လေ့လာနိုင်တဲ့ အခြေခံကတော့ Hugging Face ရဲ့ **Context Course** ဖြစ်ပါတယ် (Agent Skills, MCP, Plugins, Sub-agents, Hooks နဲ့ Nano Harness စတဲ့ အခန်းတွေ ပါဝင်ပါတယ်)။ ဒီသင်တန်းဟာ ဒီလမ်းညွှန်ရဲ့ ပထမ 5 ပတ်နဲ့ အတော်လေးကို ကိုက်ညီမှုရှိတာကြောင့် အောက်ပါသင်ခန်းစာတွေနဲ့ တွဲပြီး ပိုပြီးနက်နက်နဲနဲ လေ့လာနိုင်ပါတယ်။

ဒီလမ်းညွှန်အတွက် ဘယ် programming language မဆို အသုံးပြုနိုင်ပါတယ် (ဥပမာအများစုက Python သို့မဟုတ် JavaScript ကို သုံးထားပါတယ်)။ ဒါပေမဲ့ programming အတွေ့အကြုံ ရှိဖို့တော့ လိုအပ်ပါမယ် (တက္ကသိုလ်အဆင့် programming course 2 ခု၊ 3 ခု ဒါမှမဟုတ် ညီမျှတဲ့ အတွေ့အကြုံ)။ Machine learning အတွေ့အကြုံရှိရင် ပိုကောင်းပေမဲ့ မဖြစ်မနေ မဟုတ်ပါဘူး။ တကယ်လို့ transformers သဘောတရားကို မသိသေးရင် Week 1 ရဲ့ optional foundation မှာ လေ့လာနိုင်ပါတယ်။

Tools တွေနဲ့ ကုန်ကျစရိတ် သတ်မှတ်ချက်

တချို့ tools တွေက subscription ဒါမှမဟုတ် API key လိုအပ်ပါတယ်။ ဒါကြောင့် Week 1 မစခင် အောက်ပါအချက်တွေကို ကြိုတင်ဆုံးဖြတ်ပါ -

ပင်မ coding agent တစ်ခုကို ရွေးပါ. Week 3–4 မှာ လုပ်မယ့် customization တွေ ပိုထိရောက်စေဖို့ အနည်းဆုံး 5 ပတ်လောက်တော့ ရွေးထားတဲ့ agent တစ်ခုတည်းကိုပဲ စွဲသုံးပါ။ သင့်တော်တဲ့ ရွေးချယ်မှုတွေကတော့ -

Claude Code (subscription သို့မဟုတ် API key)

OpenAI Codex CLI (open source၊ subscription သို့မဟုတ် API key)

Cursor

Gemini CLI (open source၊ free tier ပါဝင်သည်)

opencode (open source၊ ကိုယ်ပိုင် API key ထည့်သုံးရသည်)

မစတင်မီ လစဉ် သုံးစွဲမယ့် ကုန်ကျစရိတ် ကန့်သတ်ချက် (Spend Cap) ကို သေချာ သတ်မှတ်ပါ.
အပတ်စဉ် build မှတ်စုတွေနဲ့အတူ ကုန်ကျစရိတ်ကို မှတ်တမ်းတင်ပါ။ ဒီသင်ရိုးမှာ ကုန်ကျစရိတ်ကို သေချာ စောင့်ကြည့်တာဟာ ဦးစားပေး တိုင်းတာရမယ့် အချက် ဖြစ်ပါတယ်။

Prompt Caching ကို လေ့လာပြီး သုံးပါ
Subagents တွေနဲ့ review စစ်ဆေးတဲ့ အဆင့်တွေအတွက် ပိုဈေးသက်သာတဲ့ model တွေကို သုံးပါ။ ထိန်းမနိုင် သိမ်းမရ ကုန်သွားတဲ့ API စရိတ် အများစုဟာ turn တိုင်းမှာ context အရှည်ကြီးတွေကို ထပ်ခါထပ်ခါ ပြန်ပို့နေ တာကြောင့် ဖြစ်ပါတယ်။

အခမဲ့ လမ်းကြောင်း (Free Path). Hugging Face courses တွေ၊ အထက်ပါ free tier ပါတဲ့ open-source agents တွေနဲ့ ဒီလမ်းညွှန်ထဲက ဆောင်းပါးအားလုံးဟာ အခမဲ့ ဖြစ်ပါတယ်။ ကိုယ်တိုင် build လုပ်တဲ့အချိန်မှာ သုံးရတဲ့ API usage ကလွဲလို့ ကျန်တာ ဘာကုန်ကျစရိတ်မှ မရှိပါဘူး။

ရက်သတ္တပတ် 10 ပတ်အနက် 1 ပတ်မြောက်

The Internals of Coding Agents

Core ≈ 3 h 20 min · မီဒီယို 6 ခု · စံသတ်မှတ်ချက် 4 ခု

အဓိက ဦးတည်ချက် LLM တစ်ခုရဲ့ အမှန်တကယ် အလုပ်လုပ်ပုံနဲ့ အောက်ခြေအဆင့်မှာ agent loop တစ်ခု ဘယ်လိုလည်ပတ်နေသလဲ ဆိုတာကို နားလည်စေရန်။ အဓိက tools တွေဖြစ်တဲ့ read, write, edit, bash တွေဆီ task တွေ ဘယ်လို ဖြတ်သန်းသွားသလဲ ဆိုတာနဲ့ production coding agents တွေမှာ system prompts တွေ၊ tool definitions တွေကို ဘယ်လို ဖွဲ့စည်းတည်ဆောက်ထားသလဲ ဆိုတာကို လေ့လာပါမယ်။

လက်တွေ့ တည်ဆောက်ရန် Tools 4 ခုနဲ့ logging အပြည့်အစုံပါတဲ့ lines 300–500 ရှိ terminal agent တစ်ခု တည်ဆောက်ရပါမယ်။

အဓိက လေ့လာစရာများ (Core) ≈ 3 h 20 min

Video · 59 min

▸ Intro to Large Language Models

Andrej Karpathy

LLM အယူအဆ အခြေခံအတွက် အကောင်းဆုံးနဲ့ အကျစ်လျစ်ဆုံး ရှင်းလင်းချက်။ အချိန်ရရင်တော့ ပိုပြည့်စုံတဲ့ ▸ *Deep Dive into LLMs like ChatGPT* (3 h 31 min) ကို ကြည့်ပါ။

ဆောင်းပါး + Code · Code ဖတ်ချိန်အပါ ≈ 60 min

How to Build an Agent

Thorsten Ball

မရှိမဖြစ် tool loop ပါဝင်တဲ့ coding agent အသေးစားလေးတစ်ခု။ ဒီအပတ်ရဲ့ build အတွက် နမူနာယူပြီး ရေးသားနိုင်ပါတယ်။

ဆောင်းပါး · 25 min

Building Effective AI Agents

Anthropic

Workflows နဲ့ agents ကွာခြားပုံ၊ augmented-LLM loop အကြောင်းကို အတိအကျဆုံး ရေးသားထားတဲ့ စာတမ်း။ အောက်က ▸ Barry Zhang ရဲ့ talk ရဲ့ talk ဟာ ဒီစာတမ်းကို Videoနဲ့ ရှင်းပြထားတာ ဖြစ်ပါတယ်။

အင်ဂျင်နီယာ ဆောင်းပါး 20 min

Unrolling the Codex agent loop

OpenAI

Codex ရဲ့ agent loop ဖွဲ့စည်းပုံနဲ့ design tradeoffs တွေကို production အမြင်နဲ့ ရှင်းပြထားချက်။

Talk 15 min

▸ How We Build Effective Agents

Barry Zhang of Anthropic

Agent ရဲ့ ကန့်သတ်ထားတဲ့ context အတွင်းကနေ loop အသေးဆုံး တည်ဆောက်ပုံ၊ tool အသုံးပြုပုံ၊ risk၊ verification နဲ့ debugging ပြုလုပ်ပုံများ။

Production Prompts နှင့် Tool Definitions

အကျဉ်းချုပ်တွေပဲ ဖတ်မနေဘဲ production မှာ တကယ်သုံးနေတဲ့ system prompts အစစ်တွေကို ဖတ်ကြည့်ပါ -

codex-rs/core

OpenAI Codex CLI ဟာ open source ဖြစ်ပါတယ်။ `gpt_5_2_prompt.md` ၊ `gpt_5_codex_prompt.md` စတဲ့ model prompts တွေနဲ့ `codex-rs/prompts/templates/compact/` အောက်က compaction prompt တွေကို ဖတ်ကြည့်ပါ။

Gemini CLI

Google ရဲ့ system prompt ကို `packages/core/src/core/prompts.ts` မှာ ဖတ်နိုင်ပြီး၊ MCP prompts တွေကို `packages/core/src/prompts/` မှာ ကြည့်နိုင်ပါတယ်။

opencode

အထက်က agent နှစ်ခုနဲ့ prompts တွေ၊ tool schemas တွေကို ယှဉ်ကြည့်လို့ရတဲ့ open-source coding agent ဖြစ်ပါတယ်။

Video 1 h 06 min

▸ How Claude Code Works

Prompt-driven architecture, tool calls, subagents, permissions နဲ့ evaluations တွေအကြောင်း လေ့လာနိုင်တဲ့ အကောင်းဆုံး workshop ဖြစ်ပါတယ်။

Optional Foundation (အခြေခံ ထပ်ဖြည့်ရန်)

Video 27 min

▸ Transformers, the tech behind LLMs

3Blue1Brown

Attention mechanism ကို အရုပ်တွေနဲ့ အရှင်းဆုံး ပြထားတဲ့ Video။

Jay Alammar

The Illustrated Transformer

အထက်ပါ Video နဲ့ တွဲဖတ်ရမယ့် နာမည်ကျော် ဆောင်းပါး။

Video 2 h 11 min

▸ How I use LLMs

Andrej Karpathy

Model အသုံးပြုပုံ လက်တွေ့၊ tools တွေနဲ့ အားနည်းချက်များ။

AI Engineering (Chip Huyen)

Foundation models, evaluation နဲ့ application architecture အခန်းတွေကို ဖတ်ပါ။

ပိုလေ့လာချင်သူများအတွက် (Deeper Material)

Geoffrey Huntley

How to build a coding agent: free workshop

သီးခြား design တစ်မျိုးနဲ့ အစကနေ တည်ဆောက်ပြထားတဲ့ workshop။

mini-swe-agent

SWE-bench Verified မှာ 74% ကျော် ရထားတဲ့ lines 100 သာရှိတဲ့ agent။ ကိုယ်တိုင် ရေးပြီးရင် ကိုယ့်Codeထဲ ဘာတွေ ပိုလျှံပြီး over-engineer ဖြစ်သွားလဲဆိုတာ ဒီ Code နဲ့ ယှဉ်ကြည့်ပါ။

PDF 30 min

A practical guide to building agents

OpenAI

Video 31 min

▸ Building Effective Agents with LangGraph

LangChain

Routing, parallelization, orchestrator-worker နဲ့ evaluator-optimizer patterns များ။

အပိုဆောင်း Video များ

Video 13 min

▸ What's next for AI agentic workflows

Andrew Ng

Reflection, tool use, planning နဲ့ multi-agent collaboration ဆိုတဲ့ အဓိက agentic patterns 4 ခု။

Video 17 min

▸ Software Development Agents: What Works and What Doesn't

Robert Brennan of OpenHands

Editor, terminal, browser, sandbox နဲ့ action loop အကြောင်း။

လက်တွေ့ တည်ဆောက်ရန် (Build)

Lines 300 ကနေ 500 ကြားရှိမယ့် terminal coding agent တစ်ခုကို ရေးပါ။

Tools 4 ခု ထည့်ပေးပါ - `list files`၊ `read a file`၊ `edit a file` နဲ့ `run a shell command`။

Model response တိုင်း၊ tool call တိုင်း၊ ရလဒ်တွေ၊ token count နဲ့ ဘာကြောင့် ရပ်သွားလဲဆိုတဲ့ stop condition အားလုံးကို log အပြည့်အစုံ မှတ်တမ်းတင်ပါ။

Repo အသေးစားလေးထဲက task အသေး 3 ခုပေါ်မှာ စမ်းသပ်ပါ။ ပြီးရင် ဖြစ်လာတဲ့ error တိုင်းကို model error လား၊ context ကြောင့်လား၊ tool ကြောင့်လား ဒါမှမဟုတ် control-loop ချို့ယွင်းချက်လားဆိုပြီး ခွဲခြားမှတ်တမ်းတင်ပါ။

နောက်ဆုံးအနေနဲ့ production system prompt တစ်ခု (Codex သို့မဟုတ် Gemini CLI) ကို အစအဆုံးဖတ်ပြီး note ထုတ်ပါ - ဘယ်နေရာတွေက persona သတ်မှတ်ထားသလဲ၊ ဘယ်နေရာက safety စည်းကမ်းတွေလဲ၊ ဘယ်နေရာက tool ရွေးချယ်မှုဆိုင်ရာလဲ၊ ဘယ်နေရာက ရပ်တန့်ဖို့ (stop) ညွှန်ကြားချက်လဲ ဆိုတာကို ကိုယ့် prompt နဲ့ ယှဉ်ပြီး အနည်းဆုံး 10 နေရာ မှတ်ချက်ရေးပါ။

ပြီးစီးကြောင်း စစ်ဆေးရန် (Done When)

- [ ] ကိုယ်တိုင်ရေးထားတဲ့ agent ဟာ task 3 ခုထဲက အနည်းဆုံး 1 ခုကို tools 4 ခုလုံး အမှန်တကယ် သုံးပြီး အစအဆုံး အောင်မြင်စွာ လုပ်ဆောင်နိုင်ရမယ်။
- [ ] Run ထားတဲ့ log တိုင်းမှာ per-turn token counts တွေနဲ့ အဆုံးသတ် stop reason တွေ အပြည့်အစုံ ပါဝင်ရမယ်။
- [ ] Error 5 ခုထက်မနည်း ပါဝင်တဲ့ failure table တစ်ခု ပြုစုထားပြီး တစ်ခုချင်းစီကို model, context, tool ဒါမှမဟုတ် control loop ဆိုပြီး ခွဲခြားထားရမယ်။
- [ ] Production prompt တစ်ခုကို အနည်းဆုံး နေရာ 10 ခု အသေးစိတ် note ထုတ်ထားတဲ့ မှတ်စုရှိရမယ်။

ရက်သတ္တပတ် 10 ပတ်အနက် 2 ပတ်မြောက်

Advanced Context Engineering

Core ≈ 3 h 50 min · ဗီဒီယို 9 ခု · စံသတ်မှတ်ချက် 4 ခု

အဓိက ဦးတည်ချက် အဆင့်မြင့် prompting နည်းSystem တွေနဲ့ ဘယ်အချိန်မှာ ဘာကိုသုံးရမလဲဆိုတဲ့ အချက်များ၊ RePPIT (Research, Propose, Plan, Implement, Test) System နဲ့ spec-driven development အကြောင်း၊ MCP အခြေခံများ (servers, clients, tools, transports) နဲ့ agent တွေအတွက် သုံးရအဆင်ပြေမယ့် tool ဒီဇိုင်းဆွဲနည်းများ။

လက်တွေ့တည်ဆောက်ရန် 1 မျက်နှာပါ spec တစ်ခု ရေးဆွဲခြင်း၊ RePPIT သုံးပြီး feature တစ်ခု အောင်မြင်စွာ ထုတ်လုပ်ခြင်းနဲ့ tools 2 ခုမှ 4 ခုပါ MCP server တစ်ခု တည်ဆောက်ခြင်း။

အဓိက လေ့လာစရာများ (Core) ≈ 3 h 50 min

Podcast/Video · 1 h 33 min

▸ Context Engineering

The Pragmatic Engineer with Dex Horthy

Context, harnesses, loops, research/plan/implement workflows, compaction နဲ့ software factories အကြောင်း။ မှတ်စုများအတွက် article and transcript က အသုံးဝင်ပါတယ်။

ဆောင်းပါး · 25 min

Effective context engineering for AI agents

Anthropic

Context ကို အကန့်အသတ်ရှိတဲ့ အရင်းအမြစ်တစ်ခုအဖြစ် System တကျ သုံးစွဲပုံ - system prompts, tools, examples, retrieval နဲ့ compaction များ။

Video · 29 min

▸ Prompting for Agents

Anthropic

Model တစ်ခုဟာ tools တွေနဲ့ loop ပတ်ပြီး အလုပ်လုပ်တဲ့အခါ prompt ရေးသားပုံ ဘယ်လို ပြောင်းလဲသွားသလဲ ဆိုတာ။

ဆောင်းပါး 25 min

Writing effective tools for agents

Anthropic

Tool နာမည်များ၊ descriptions၊ သတ်မှတ်ချက် ဘောင်များ၊ ရလဒ် ထုတ်ပေးပုံနဲ့ evaluation လုပ်နည်းများ။

Spec စာတမ်း Architecture, transports နဲ့ tools အပိုင်းများအတွက် 30 min

Model Context Protocol (MCP) Specification

Tutorial တွေ မဖတ်ခင် မူရင်း အခြေခံ သတ်မှတ်ချက်ကို အရင် ဖတ်ပါ။

Documentation · GitHub

Spec Kit & Agentic SDD workflow

20 min

Spec-driven development ကို လက်တွေ့ အကောင်အထည်ဖော်ထားတဲ့ လုပ်ငန်းစဉ် လမ်းညွှန်။

ပိုလေ့လာချင်သူများအတွက် (Deeper Material)

MCP Course (Hugging Face)

Units 0–2 (6–8 နာရီခန့်၊ Week 2 နဲ့ 3 မှာ ခွဲပြီး လေ့လာပါ) - အစအဆုံး လက်တွေ့ပါဝင်တဲ့ အခမဲ့ MCP သင်တန်း။ end-to-end MCP application unit အထိ ဆက်လက် လေ့လာသွားပါ။

Context Engineering for AI Agents: Lessons from Building Manus

KV-cache hit rate, file system ကို context အဖြစ် သုံးပုံနဲ့ error တွေကို trace ထဲမှာ သိမ်းဆည်းပုံ။

How Long Contexts Fail (Drew Breunig) & Context Rot (Chroma)

Context ပိုရှည်တိုင်း အလကားမရဘူးဆိုတဲ့ အထောက်အထားများ။

Advanced Context Engineering (HumanLayer)

12-Factor Agents မူဝါဒများ။

Specs Are the New Source Code (Ravi Mehta)

Spec-driven development ရဲ့ product အမြင်။ Al Harris ရဲ့ talk နဲ့ တွဲဖက်လေ့လာနိုင်တဲ့ Kiro specs docs ကိုလည်း ကြည့်ပါ။

MCP Inspector

MCP servers တွေကို စမ်းသပ်စစ်ဆေးဖို့ tooling System ။ MCP Registry ကတော့ MCP servers တွေကို ထုတ်ဝေမျှဝေဖို့နဲ့ ရှာဖွေဖို့အတွက် ဖြစ်ပါတယ်။

Video 10 min

▸ How I use Claude Code for real engineering

Matt Pocock

Planning, မရှင်းတာတွေ မေးမြန်းခြင်း၊ အဆင့်လိုက် အကောင်အထည်ဖော်ခြင်းနဲ့ context window စီမံခန့်ခွဲပုံ။

အပိုဆောင်း Video များ

ဗီဒီယို 1 h 16 min

▸ AI Prompt Engineering: A Deep Dive

Anthropic

နှင့် ▸ Prompting 101 *(24 min)*

ဗီဒီယို 1 h 37 min

▸ AI prompt engineering in 2025: What works and what doesn't

Sander Schulhoff on Lenny's Podcast

ဗီဒီယို 21 min

▸ No Vibes Allowed: Solving Hard Problems in Complex Codebases

Dex Horthy

Research, compaction, plan နဲ့ human review လုပ်ငန်းစဉ်များ။

ဗီဒီယို 39 min

▸ Context Engineering Our Way to Long-Horizon Agents

Harrison Chase of LangChain

ဗီဒီယို 1 h 04 min

▸ Spec-Driven Development: Agentic Coding at FAANG Scale and Quality

Al Harris of Amazon Kiro

ဗီဒီယို 1 h 44 min

▸ Building Agents with Model Context Protocol

Mahesh Murag of Anthropic

Videoသင်တန်း ≈ 1 h 30 min

MCP: Build Rich-Context AI Apps

DeepLearning.AI & Anthropic

ဗီဒီယို 9 min

▸ Model Context Protocol: A Deep Dive

Gaurav Sen

လက်တွေ့ တည်ဆောက်ရန် (Build)

ကိုယ့် repo အတွက် တကယ့် feature အစစ်တစ်ခုကို ရွေးပါ။

Objective, constraints, out-of-scope, acceptance checks, edge cases တွေနဲ့ test plan ပါတဲ့ **1 မျက်နှာပါ spec** တစ်ခု ရေးပါ။

Research → Propose → Plan → Implement → Test (RePPIT). အဆင့်တိုင်းကို ကျော်မသွားဘဲ တစ်ဆင့်ချင်း လုပ်ဆောင်ပြီး ထွက်လာတဲ့ စာရွက်စာတမ်း/ဖိုင် (artifacts) တွေကို သိမ်းထားပါ။

ပြီးရင် သီးသန့် အလုပ်လုပ်မယ့် tools 2 ခုကနေ 4 ခုပါတဲ့ **MCP server တစ်ခု တည်ဆောက်ပါ**။

အဲဒီ server ကို MCP Inspector မှာ အရင်စမ်းပါ၊ ပြီးမှ ကိုယ့် agent နဲ့ ချိတ်စမ်းပါ။ ပုံမှန်အလုပ်လုပ်ပုံ (happy paths) သာမက မှားယွင်းတဲ့ arguments တွေ၊ ရလဒ် အများကြီး ထွက်တာတွေ၊ timeouts တွေနဲ့ permission failures တွေကိုပါ စမ်းသပ်ပါ။

Agent အသစ်တစ်ခုက သင့်တော်တဲ့ tool ကို အမြဲတမ်း မှန်မှန်ကန်ကန် ရွေးချယ်နိုင်ပြီး parameter အမှန်တွေကို ထည့်ပေးနိုင်တဲ့အထိ tool descriptions တွေကို ပြင်ဆင်ရေးသားပါ။

ပြီးစီးကြောင်း စစ်ဆေးရန် (Done When)

- [ ] Spec အပြည့်အစုံ ရှိရမယ်၊ RePPIT အဆင့်တစ်ခုချင်းစီက ထွက်လာတဲ့ artifacts တွေ (research notes, proposal, plan, git diff, test results) အကုန် သိမ်းဆည်းထားပြီး ဖြစ်ရမယ်။
- [ ] တည်ဆောက်ထားတဲ့ MCP server ဟာ Inspector ထဲမှာ tools အားလုံးအတွက် valid ရော invalid inputs တွေကိုပါ စမ်းသပ်အောင်မြင်ရမယ်။
- [ ] Scripted requests 5 ခု စမ်းသပ်တဲ့အခါ agent အသစ်တစ်ခုက 5 ကြိမ်စလုံး tool အမှန်ကို ရွေးချယ်နိုင်ရမယ်။
- [ ] အဲဒီ feature တည်ဆောက်ရာမှာ ကုန်ကျခဲ့တဲ့ token counts နဲ့ API စရိတ်ကို notes ထဲမှာ မှတ်တမ်းတင်ထားရမယ်။

ရက်သတ္တပတ် 10 ပတ်အနက် 3 ပတ်မြောက်

Agent Skills and CLI

Core ≈ 3 h 40 min · မီဒီယို 3 ခု · စံသတ်မှတ်ချက် 4 ခု

အဓိက ဦးတည်ချက် Skills ဆိုတာ ဘာလဲ၊ `SKILL.md` နဲ့ scripts တွေက workflow တစ်ခုကို ဘယ်လို code အဖြစ် ပြောင်းလဲပေးသလဲ ဆိုတာကို နားလည်စေရန်။ Web skills သုံးပြီး agent တွေရဲ့ စွမ်းဆောင်ရည်ကို repo အပြင်ဘက်အထိ ဘယ်လို ချဲ့ထွင်မလဲနဲ့ CLI ကနေ ထိရောက်စွာ အလုပ်လုပ်ပုံများ။

လက်တွေ့ တည်ဆောက်ရန် Helper script ပါဝင်တဲ့ packaged skill တစ်ခုနဲ့ browser automation သုံးထားတဲ့ web skill တစ်ခု တည်ဆောက်ရပါမယ်။

အဓိက လေ့လာစရာများ (Core) ≈ 3 h 40 min

Course unit · Hugging Face

Agent Skills

60 minခန့်

လွှဲပြောင်းရလွယ်ပြီး အဆင့်အလိုက် ဖွင့်ပြပေးတဲ့ progressive disclosure skills တွေအကြောင်း အကောင်းဆုံး သင်ခန်းစာ။

ဆောင်းပါး · Anthropic

Equipping agents for the real world with Agent Skills

20 min

Public skills repository နမူနာများနှင့်တကွ ရှင်းပြချက်။

Spec & Tutorial · 30 min

Agent Skills Quickstart

Video · 45 min

▸ The Beginner's Guide to Coding with Cursor

Lee Robinson of Cursor

Typed languages, linting, formatting, tests, branch review နဲ့ parallel background work များ။

MIT CLI Foundation · လေ့ကျင့်ခန်းများအပါ ≈ 60 min

The Missing Semester 2026: Shell Overview & Intro

Shell navigation, scripting, streams, permissions နဲ့ safe bash practices များ။

10 min

AGENTS.md Standard

နမူနာတွေနဲ့ စည်းမျဉ်းတွေကို အခု ဖတ်ထားပါ (Repo instructions အကြောင်းကို Week 4 မှာ အဓိက လေ့လာပါမယ်)။

Tools and References

Command Line Interface Guidelines

Agent တွေရော လူတွေပါ စိတ်ချလက်ချ ခိုင်းစေနိုင်မယ့် CLI ဒီဇိုင်းဆွဲနည်း။ ကိုယ့် skill ရဲ့ helper script မှာ ဒီ စည်းကမ်းတွေကို အသုံးချပါ။

Web Skills Tooling. Playwright MCP, Chrome DevTools MCP, နှင့် `browser-use` ။

Common Workflows (Claude Code)

Git worktrees, parallel sessions နဲ့ CLI ကနေ conversations တွေကို ပြန်လည် ဆက်လုပ်ပုံ (resuming) များ။

အပိုဆောင်း Video များ

Video · 1 h 19 min

▸ Skill Issue: How We Used AI to Make Agents Actually Good at Supabase

Pedro Rodrigues of Supabase

`SKILL.md` တည်ဆောက်ပုံ၊ supporting scripts များ၊ progressive disclosure နဲ့ routing အလုပ်လုပ်ပုံ။

Video · 18 min

▸ Bringing Agents onto the World Wide Web

Paul Klein of Browserbase

Browser-agent harnesses, network interception, WebMCP, Playwright CLI နဲ့ reusable website skills များ။

Video 35 min

▸ How AI agents & Claude skills work (Clearly Explained)

Greg Isenberg

Video 2 h 29 min

▸ Future of Programming with AI

Lex Fridman with the Cursor team

Editor design, speculative edits နဲ့ Cursor တည်ထောင်သူတွေရဲ့ agent ဆိုင်ရာ အတွေးအခေါ်များ။

လက်တွေ့ တည်ဆောက်ရန် (Build)

ကိုယ့်အလုပ်ထဲမှာ အနည်းဆုံး 3 ကြိမ်ထက်မနည်း ထပ်ခါထပ်ခါ လုပ်ခဲ့ရတဲ့ workflow တစ်ခုကို ရှာပါ - ဥပမာ release notes ထုတ်တာ၊ DB migration စစ်တာ၊ API endpoint တည်ဆောက်တာ၊ dependencies အဆင့်မြှင့်တာ ဒါမှမဟုတ် UI regression စစ်ဆေးတာမျိုး ဖြစ်နိုင်ပါတယ်။

အဲဒီ workflow ကို အောက်ပါအချက်တွေပါဝင်တဲ့ **skill တစ်ခုအဖြစ် packaged လုပ်ပါ** -

Agent ဘယ်အချိန်မှာ ဒီ skill ကို သုံးရမလဲဆိုတာ ညွှန်ပြထားတဲ့ တိုတိုရှင်းရှင်း `SKILL.md` ဖိုင်။

အသေးစိတ် အချက်အလက်တွေကို context မပြည့်စေဖို့အတွက် linked references အနေနဲ့ သီးခြားထားပေးတဲ့ progressive disclosure ပုံစံ။

CLI Guidelines အတိုင်း ရေးထားတဲ့ deterministic helper script တစ်ခု။

စမ်းသပ်ဖို့ fixture သို့မဟုတ် sample input တစ်ခု။

အလုပ်ဖြစ်မဖြစ် စစ်ဆေးပေးမယ့် pass/fail verification command တစ်ခု။

ဒီ skill ကို agent session အသစ်တစ်ခုဖွင့်ပြီး မတူညီတဲ့ inputs 2 ခုနဲ့ စမ်းသပ်ပါ။ ညွှန်ကြားချက် မရှင်းလင်းတဲ့ နေရာတွေနဲ့ context အရမ်းများသွားစေတဲ့ နေရာတွေကို မှတ်ထားပါ။

ပြီးနောက် **web skill တစ်ခု ထပ်ပေါင်းထည့်ပါ** - ကိုယ့် app ပေါ်မှာ တကယ် run နေတဲ့ အခြေအနေတစ်ခုခုကို စစ်ဆေးနိုင်မယ့် browser-driven automation (Playwright MCP သို့မဟုတ် Chrome DevTools MCP) တစ်ခု ဖြစ်ရပါမယ်။

ပြီးစီးကြောင်း စစ်ဆေးရန် (Done When)

- [ ] ဖန်တီးထားတဲ့ skill ဟာ session အသစ်တစ်ခုမှာ အပိုရှင်းပြချက်တွေ ထပ်ပြောစရာမလိုဘဲ inputs 2 ခုလုံးအတွက် မှန်မှန်ကန်ကန် အလိုအလျောက် trigger ဖြစ်ရမယ်။
- [ ] Helper script မှာ ပြန်ထွက်လာမယ့် exit code တွေကို စနစ်တကျ ရေးသားထားပြီး run ချိန် 10 စက္ကန့်အောက်သာ ကြာမြင့်ရမယ်။
- [ ] Web skill ဟာ browser အစစ်ကို မောင်းနှင်ပြီး ကိုယ့် app ပေါ်မှာ pass/fail ရလဒ်ကို အမှန်တကယ် ပြသနိုင်ရမယ်။
- [ ] `SKILL.md` ထဲမှာ မရှင်းလင်းလို့ ပြင်ဆင်ခဲ့ရတဲ့ အချက်တွေနဲ့ ဘာကြောင့် ပြင်ရတယ်ဆိုတဲ့ အကြောင်းပြချက်တွေကို notes ထဲမှာ စာရင်းပြုစုထားရမယ်။

ရက်သတ္တပတ် 10 ပတ်အနက် 4 ပတ်မြောက်

Customizing Your Agent and Repository

Core ≈ 3 h 40 min · မီဒီယို 6 ခု · စံသတ်မှတ်ချက် 4 ခု

အဓိက ဦးတည်ချက် CLAUDE.md နဲ့ AGENTS.md ထဲ ဘာတွေထည့်ရမလဲ၊ ဘယ်အချက်ကို ဘယ်နေရာမှာ ထားရမလဲဆိုတာ နားလည်စေရန်။ Lint gates၊ tests တွေနဲ့ guardrails တွေအတွက် hooks သုံးပုံ၊ subagent patterns တွေဖြစ်တဲ့ planner / implementer / reviewer အခန်းကဏ္ဍ ခွဲဝေပုံများ။

လက်တွေ့တည်ဆောက်ရန် Repo instructions ဖိုင်တစ်ခု၊ hooks 2 ခုနဲ့ planner / implementer / reviewer ခွဲထုတ်တာဝန်ပေးတဲ့ System တစ်ခု တည်ဆောက်ရပါမယ်။

အဓိက လေ့လာစရာများ (Core) ≈ 3 h 40 min

ဆောင်းပါး · Anthropic

Claude Code best practices

30 min

`CLAUDE.md`၊ tool allowlists၊ workflows နဲ့ multi-Claude patterns တွေအတွက် အဓိက လမ်းညွှန်ချက်။

ဆောင်းပါး · Anthropic

Steering Claude Code: skills, hooks, rules, subagents, and more

15 min

ယန္တရားတစ်ခုချင်းစီကို ဘယ်အချိန်မှာ သုံးရမလဲဆိုတဲ့ အချက်များ။

Course units · Hugging Face ≈ 90 min

Sub-agents & Hooks

Sub-agents များနှင့် hooks များ အခန်း။

Video · Anthropic

▸ Mastering Claude Code in 30 minutes

28 min

Boris Cherny ကိုယ်တိုင် configuration ပြင်ဆင်ပုံတစ်ခုလုံးကို ရှင်းပြထားချက်။

Video · Boris Cherny

▸ Inside Claude Code With Its Creator

50 min

Terminal design၊ `CLAUDE.md` ၊ teams၊ subagents၊ plan mode နဲ့ coding လောကရဲ့ အနာဂတ်။

Tools and References

Hooks Reference & Create Custom Subagents (Claude Code docs)

Build မှာ သုံးရမယ့် event names၊ matchers နဲ့ frontmatter သတ်မှတ်ချက်များ။

Repo Instructions အကြောင်း လေ့လာရန်. GitHub ရဲ့ *How to write a great agents.md: lessons from over 2,500 repositories*၊ Real Python ရဲ့ *How to Write an AGENTS.md File*၊ Agentic AI Foundation ရဲ့ *Writing an Effective AGENTS.md*။

Subagent အခြေအတင် ဆွေးနွေးချက်များ. Cognition ရဲ့ *Don't Build Multi-Agents* နဲ့ Anthropic ရဲ့ *How we built our multi-agent research system*။ Role 3 ခု မခွဲခင် ဒီဆောင်းပါး 2 ခုလုံးကို အရင် ဖတ်ထားပါ။

How Anthropic teams use Claude Code

Anthropic အဖွဲ့တွင်း လက်တွေ့အသုံးချနေတဲ့ ပုံစံများ။

Anthropic Academy

Claude Code in Action

နှင့် **Claude Code: A Highly Agentic Coding Assistant** *(DeepLearning.AI):* အခမဲ့ သင်တန်းများ။

အပိုဆောင်း Video များ

ဗီဒီယို · 1 h 37 min

▸ AI Coding Workflow: From Product Idea to Tested Implementation

Matt Pocock

PRDs၊ vertical slices၊ unattended agents၊ QA၊ review နဲ့ parallelization များ။

မီဒီယို 18 min

▸ Claude Code & the evolution of agentic coding

Boris Cherny

မီဒီယို 1 h 10 min

▸ The Secrets of Claude Code From the Engineers Who Built It

Every

Boris Cherny နဲ့ Cat Wu တို့ ပါဝင်ထားတဲ့ Latent Space အင်တာဗျူးဖြစ်တဲ့ Claude Code: Anthropic's Agent in Your Terminal ကိုလည်း ကြည့်ရှုနိုင်ပါတယ်။

မီဒီယို 30 min

▸ I'm HOOKED on Claude Code Hooks: Advanced Agentic Coding

IndyDevDan

Pre/post tool hooks၊ logging နဲ့ အန္တရာယ်ရှိတဲ့ command တွေကို ရပ်တန့်ပုံ။

Anthropic

Claude Code Advanced Patterns: Subagents, MCP, and Scaling to Real Codebases

DHH with Lex Fridman

▸ Future of Programming, AI, Modern Software Engineering, Vibe Coding and Linux

Programming-with-agents၊ vibe-coding-versus-engineering၊ agent setup၊ model နဲ့ harness အခန်းတွေကိုပဲ ရွေးကြည့်ပါ။ timestamped transcript ကြောင့် စိတ်ကြိုက် ရွေးချယ်ကြည့်ရှုရ လွယ်ကူစေပါတယ်။

လက်တွေ့ တည်ဆောက်ရန် (Build)

ကိုယ့် repo ထဲမှာ တိုတိုရှင်းရှင်း instruction file တစ်ခု ထည့်ပါ။ စွယ်စုံကျမ်းလို အကုန်လျှောက်မရေးဘဲ လမ်းပြမြေပုံ (map) လိုမျိုး အဓိက အချက်တွေကိုပဲ ထည့်ပါ - architecture ဝင်ပေါက်များ၊ အဓိက သုံးရမယ့် commands၊ စည်းမျဉ်းများ (conventions)၊ safety ဘောင်များနဲ့ အသေးစိတ် စာရွက်စာတမ်းတွေဆီ သွားတဲ့ links များ။

အမြန်စစ်ဆေးပေးမယ့် lint သို့မဟုတ် test gate အတွက် deterministic hook တစ်ခု ရေးပါ။

အန္တရာယ်ရှိတဲ့ command တွေကို တားဆီးပေးမယ့် safety hook တစ်ခု ထည့်ပါ။

အခန်းကဏ္ဍ 3 ခု ခွဲပါ - **planner**၊ **implementer** နဲ့ သီးခြားစစ်ဆေးမယ့် **reviewer**။ တစ်ခုချင်းစီအတွက် ရှင်းလင်းတိကျတဲ့ တာဝန်သတ်မှတ်ချက် (contract) ပေးပါ။

Feature တစ်ခုတည်းကို agent တစ်ခုတည်းနဲ့ တစ်ကြိမ်၊ role 3 ခု ခွဲထားတဲ့ workflow နဲ့ တစ်ကြိမ် စမ်းသပ် run ကြည့်ပါ။ ကုန်သွားတဲ့ အချိန်၊ tokens ပမာဏ၊ တွေ့ရှိတဲ့ ချို့ယွင်းချက် (defects) နဲ့ လူကိုယ်တိုင် ဝင်ပါဖြေရှင်းပေးရတဲ့ အကြိမ်ရေတို့ကို နှိုင်းယှဉ်ပါ။

ပြီးစီးကြောင်း စစ်ဆေးရန် (Done When)

- [ ] Instruction file ဟာ စာကြောင်းရေ 150 အောက် ဖြစ်ရမယ်။ Agent အသစ်တစ်ခုက ဒီဖိုင် တစ်ခုတည်းကို ဖတ်ပြီး setup လုပ်တာ၊ tests တွေနဲ့ lint စစ်တာကို လုပ်ဆောင်နိုင်ရမယ်။
- [ ] Lint/test hook ဟာ သက်သက်မှားရေးထားတဲ့ commit ကို တားဆီးနိုင်ရမယ်။ Safety hook ဟာ အန္တရာယ်ရှိအောင် သက်သက်ခိုင်းတဲ့ command ကို ပိတ်ပင်နိုင်ရမယ်။
- [ ] Single-agent နဲ့ three-role workflow နှိုင်းယှဉ်ချက်ဇယား (အချိန်၊ tokens၊ တွေ့တဲ့ ချို့ယွင်းချက်၊ လူဝင်ပါရမှု) အပြည့်အစုံ ရှိရမယ်။
- [ ] ကိန်းဂဏန်းအထောက်အထားတွေကို ကိုးကားပြီး subagent 3 ခု ခွဲသုံးတာဟာ ကုန်ကျစရိတ်/အချိန်နဲ့ တန်သလားဆိုတဲ့ သုံးသပ်ချက် 1 ပိုဒ် ရေးသားထားရမယ်။

ရက်သတ္တပတ် 10 ပတ်အနက် 5 ပတ်မြောက်

Agent-Ready Codebases

Core ≈ 3 h 30 min · ဗီဒီယို 3 ခု · စံသတ်မှတ်ချက် 4 ခု

အဓိက ဦးတည်ချက် Codebase တစ်ခုကို agent-ready ဖြစ်စေတဲ့ အချက်များ (structure၊ docs၊ tests နဲ့ checks)။ အသင့်ဖြစ်မှုကို အကဲဖြတ်စစ်ဆေးပြီး score သတ်မှတ်ပုံ။ တကယ့် codebase တွေမှာ agent တွေကို ပိတ်ဆို့လေ့ရှိတဲ့ အဖြစ်များသော အားနည်းချက်များ။

လက်တွေ့တည်ဆောက်ရန် Score သတ်မှတ်ထားတဲ့ readiness audit ပြုလုပ်ခြင်းနဲ့ agent အသစ်တစ်ခု ချက်ချင်းအလုပ်ဖြစ်စေမယ့် ပြုပြင်မှုများ ပြုလုပ်ခြင်း။

အဓိက လေ့လာစရာများ (Core) ≈ 3 h 30 min

Case study · OpenAI

Harness engineering: leveraging Codex in an agent-first world

30 min

ဒီအပတ်ရဲ့ အရေးကြီးဆုံး ဖတ်စရာ - repo ရှင်းလင်းမှု၊ စနစ်တကျ ရေးထားတဲ့ docs၊ စက်က အလိုအလျောက် ထိန်းကွပ်ထားတဲ့ invariants တွေနဲ့ progressive disclosure အကြောင်း။

လက်တွေ့လမ်းညွှန် · Adobe ≈ 60 min

Repository Harnesses for AI Coding Agents

Agent တွေ အလွယ်တကူ နားလည်နိုင်ပြီး verify လုပ်နိုင်မယ့် repo ပြင်ဆင်နည်း အခမဲ့ လမ်းညွှန်။

ဆောင်းပါး · Martin Fowler

Harness Engineering

20 min

Video များ · Factory

▸ Making Codebases Agent-Ready & Building Reliable Agentic Systems

34 min

Mechanical verification၊ linters၊ end-to-end tests၊ interface docs၊ planning၊ grounding နဲ့ လူကိုယ်တိုင် ကြီးကြပ်မှုများ။

ဆောင်းပါး · Hamel Husain

Your AI Product Needs Evals

20 min

Evaluation လုပ်တဲ့ အလေ့အကျင့်ကို ဒီကတည်းက စတင်ပါ (Week 10 ဟာ ဒီအပေါ်မှာ အခြေခံပါလိမ့်မယ်)။

ဆောင်းပါး · Beyang Liu of Sourcegraph

▸ The ROI of AI: Why You Need Eval Frameworks

25 min

တိကျသေချာတဲ့ evalsı repo contextı engineering KPIs နဲ့ အပေါ်ယံ အလုပ်ဖြစ်ပြရုံ ကုန်ထုတ်စွမ်းအားတု (productivity theater) ကို ရှောင်ရှားပုံ။

ပိုလေ့လာချင်သူများအတွက် (Deeper Material)

Unlocking the Codex harness (OpenAI)

မီဒီယို

▸ Context Engineering (Dex Horthy)

အင်တာဗျူးထဲက harnessı loop နဲ့ software-factory အခန်းများကို ပြန်လည်ကြည့်ရှုပါ။

Diátaxis Framework

Agent တွေ သွားလာဖတ်ရှုရ လွယ်ကူစေမဲ့ Folder Structure and System (tutorials, how-tos, reference, explanation)။

Context Rot (Chroma)

Context ထဲ အကုန်ပုံထည့်နေတာထက် ကျစ်လျစ်ပြီး index သေချာလုပ်ထားတဲ့ repo က ဘာကြောင့် ပိုသာလဲ ဆိုတဲ့ အချက်။

အပိုဆောင်း Video များ

မီဒီယို 1 h 15 min

▸ TDD, AI agents and coding

Kent Beck with The Pragmatic Engineer

Agent တွေ Code ရေးတဲ့အခါ test-driven development ဟာ ဘာကြောင့် စွမ်းအားတစ်ခု ဖြစ်လာသလဲ ဆိုတာ။

ဗီဒီယို 23 min

▸ **When to Build Your Own Agent Harness**

Harrison Chase of LangChain

လက်တွေ့ တည်ဆောက်ရန် (Build)

ကိုယ့် repo ကို အချက် 5 ချက်နဲ့ audit စစ်ဆေးပါ -

1. **Discoverability.** (အချက်အလက် ရှာဖွေရ လွယ်ကူမှု)
2. **Setup.** (စတင် run ရ လွယ်ကူမှု)
3. **Feedback speed.** (စစ်ဆေးမှု ရလဒ်ထွက်နှုန်း မြန်ဆန်မှု)
4. **Architecture enforcement.** (Architecture ဘောင်ကို ထိန်းကွပ်ထားနိုင်မှု)
5. **Recovery from failure.** (မှားယွင်းမှုကနေ အမြန်ပြန်လည် ပြင်ဆင်နိုင်မှု)

တစ်ချက်ချင်းစီကို အထောက်အထားနဲ့တကွ 1 မှ 5 အထိ score သတ်မှတ်ပါ။ ပြင်ပက လူတစ်ယောက်/စက်တစ်လုံး အနေနဲ့ repo ကို clone ဆွဲတာနဲ့ တစ်ဆင့်စကားမေးစရာမလိုဘဲ နားလည်နိုင်၊ install လုပ်နိုင်၊ test စစ်နိုင်ပြီး code ပြင်နိုင်တဲ့အထိ တိုးတက်အောင် ပြုပြင်ပါ။

အနည်းဆုံးအားဖြင့် - Command တစ်ခုတည်းနဲ့ setup ဖြစ်ရမယ်၊ အမြန်စစ်ဆေးပေးမယ့် deterministic test path တစ်ခု ပါရမယ်၊ architecture မြေပုံတိုလေးတစ်ခု ပါရမယ်၊ စည်းမျဉ်းတွေကို သက်ဆိုင်ရာ code တွေအနီးမှာ ထားပေးရမယ်၊ ချိုးဖောက်ရင် အလိုအလျောက် ဖမ်းပေးမယ့် architectural boundary check တစ်ခု ထည့်ရပါမယ်။

ပြီးနောက် agent အသစ်တစ်ခုဆီကို ဘာအပိုအကူအညီမှ မပေးဘဲ issue တစ်ခု ဖြေရှင်းခိုင်းကြည့်ပါ။ အဲဒီ agent မျက်စိလည်သွားတဲ့ နေရာတိုင်းကို မှတ်တမ်းတင်ပြီး ပြန်လည်ပြင်ဆင်ပါ။ အားလုံးပြီးရင် score ပြန်တွက်ပါ။

ပြီးစီးကြောင်း စစ်ဆေးရန် (Done When)

- [ ] အချက် 5 ချက်စလုံးအတွက် အထောက်အထား အပြည့်အစုံနဲ့တကွ ပြုပြင်မွမ်းမံမှု မတိုင်မီနဲ့ နောက်ပိုင်း readiness scores များ ရှိရမယ်။
